









မဲခေါင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကွန်ရက်

Mekong Migration Network (MMN)

# အပြောင်းအလဲ အတွက် ကိုယ်စားလှယ်များ

## ထိုင်းနိုင်ငံ စိုက်ပျိုးရေးနှင့် ငါးဖမ်း လုပ်ငန်းများမှ ရွှေ့ပြောင်း နေထိုင်သူများ၏ မြေပြင်အဆင့် စုဖွဲ့မှု

Solidar Suisse, Global Labour Programme-Platform for Organizing by Workers for Empowerment and Recognition (GLP-POWER) နှင့် USAID တို့မှ ထောက်ပံ့သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ

## အစီရင်ခံစာ အကျဉ်းချုပ်

ကမ္ဘာတစ်ဝှမ်း အတိုင်းအတာအရ၊ ဝန်ဆောင်မှု ကဏ္ဍပြီးလျှင် စိုက်ပျိုးရေးကဏ္ဍမှာ လုပ်သားဦးရေ အများဆုံး ဖြစ်သည်။ ယာယီ လုပ်ငန်းခန့်အပ်မှု အခြေအနေများ ကြုံရလေ့ရှိပြီး စိုက်ပျိုးရေး လုပ်သားအများစုသည် အနည်းဆုံးလုပ်အားခ ရရှိမှု၊ အများဆုံး အလုပ်လုပ်ချိန်နှင့် လူမှုဖူလုံရေး အကျိုးခံစားခွင့်များ မရရှိသည့်အပြင် အလုပ်သမား ကာကွယ်စောင့်ရှောက်ရေး ဥပဒေများမှ ဖယ်ကျဉ် ခံရခြင်းများ ရှိနေသည်။ ပင်လယ်ငါးဖမ်း လုပ်ငန်း၊ အထူး သဖြင့် စီးပွားရေး အကျိုးအမြတ် ရရှိရန်အတွက် ငါးနှင့် အခြား ပင်လယ် သားကောင်များကို ဖမ်းဆီး ထုပ်လုပ်ရသည့် လုပ်ငန်းသည်လည်း တရားဝင်မှု မရှိခြင်းနှင့် အခြားလုပ်ငန်း ကဏ္ဍများထက် စည်းမျဉ်း စည်းကမ်းအရ ပိုမို လျော့နည်းသည်ကို နှစ်ရှည်လများ ကြုံတွေ့ ခံစားနေကြရသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအရ၊ စိုက်ပျိုးရေးနှင့် ငါးဖမ်း လုပ်ငန်းများသည် ရွှေ့ပြောင်း လုပ်သားများအား မှီခို နေကြရကာ ၎င်းတို့အနေဖြင့် မသေချာ မရေရာသည့် အခြေအနေတွင် လုပ်ငန်းများ လုပ်ကိုင်နေကြရသည် သာမက ၎င်းတို့၏ သမဂ္ဂစုဖွဲ့ပိုင်ခွင့်များကိုလည်း သက်ဆိုင်ရာ အစိုးရများမှ ကန့်သတ် မှုများ ကြုံတွေ့နေကြရပါသည်။

စိုက်ပျိုးရေးကဏ္ဍနှင့် ငါးဖမ်းလုပ်ငန်းများတွင် ရွှေ့ပြောင်း လုပ်သားများအား မှီခိုနေရသည့် ထိုင်းနိုင်ငံတွင် လုပ်သား ဆိုင်ရာ အက်ဥပဒေ ဘီအီး ၂၅၁၈ (၁၉၇၅) အရ နိုင်ငံခြား အလုပ်သမားများအား အလုပ်သမား သမဂ္ဂဖွဲ့စည်းခြင်းနှင့် သမဂ္ဂ၏ အလုပ်အမှုဆောင် ကောင်စီတွင် တာဝန်ထမ်းဆောင်ခြင်းမှ တားမြစ်ထားသည်။ စိုက်ပျိုးရေး၊ ပင်လယ် ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာ ထုတ်လုပ်မှု လုပ်ငန်းများတွင် လုပ်ငန်း လုပ်ကိုင်နေကြသော အလုပ်သမားများ၏ အလုပ်လုပ်ကိုင်မှု အခြေအနေနှင့် ရွှေ့ပြောင်းသွားလာခွင့် အခြေအနေများနှင့် ပတ်သက်ပြီး ကြုံတွေ့နေရသည့် ကန့်သတ်ချက် အခက်အခဲများ ရှိနေသည့်အတွက်၊ အရပ်ဘက် အဖွဲ့အစည်းများ၏ ဒေသခွဲ ကွန်ရက်ဖြစ်သည့် မဲခေါင် မြစ်ဝှမ်းဒေသ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကွန်ရက် (MMN) မှ အဆိုပါ အလုပ်သမားများ၏ မတူညီသော စုဖွဲ့မှု သဏ္ဌာန်များနှင့် ပတ်သက်ပြီး သုတေသန တစ်ရပ် ပြုလုပ်ထားပါသည်။ ဤသုတေသနစာတမ်းသည် အလုပ်သမားများ စုဖွဲ့မှုတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အစုအဖွဲ့များမှ ၎င်းတို့၏ အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံ တစ်ဝှမ်းရှိ ရွှေ့ပြောင်း လုပ်သားထု အတွက် ပေးစွမ်းနိုင်သည့် ကောင်းကျိုးများကို ပိုမို သိရှိရန် ဖြစ်ပါသည်။

## နည်းစနစ် နှင့် နည်းလမ်း

Solidar Suisse အဖွဲ့၏ ထောက်ပံ့မှုဖြင့် မိမိတို့ MMN မှ ဤ စုပေါင်း သုတေသန စီမံကိန်းကို ၂၀၂၂ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ သုတေသနကို MMN အတွင်းရေးမှူးရုံး အဖွဲ့နှင့် ရွှေ့ပြောင်း လုပ်သားထုနှင့် အနီးကပ် ရှိပြီး ဒေသရှိ အလုပ်သမားထုနှင့် ရေရှည် တည်တံ့သည့် ဆက်နွယ်မှု ရှိသော MMN အဖွဲ့ဝင်များ ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။ လေ့လာမှုကို

ထိုင်းနိုင်ငံမှ ဒေသ သုံး ခုဖြစ်သည့် - (၁) တာခ် ခရိုင်၊ မဲဆောက်မြို့နှင့် ဝန်းကျင် ဒေသများ အတွက် MAP ဖောင်ဒေးရှင်းမှ ဦးဆောင်ပြီး၊ (၂) စာမွန်ဆာခေါန် ဒေသတွင် Raks Thai ဖောင်ဒေးရှင်းမှ ဦးဆောင်ကာ၊ (၃) တောင်းပိုင်း ခရိုင်များ ဖြစ်ကြသည့် ဖန်င၊ ဖူးကဒ်နှင့် ဆောင်ခလာ ဒေသများတွင် FED မှ ဦးဆောင်ကာ ပဓာန သတင်းအချက်အလက်များကို ကောက်ခံ ရယူခဲ့သည်။

အချက်အလက်များ ကောက်ခံ ရယူရာတွင်၊ MMN သုတေသန အတိုင်ပင်ခံနှင့် အတွင်းအရေးမှူးရုံးအဖွဲ့မှ စာပွဲတင် လေ့လာမှု ပြုလုပ်ကာ အလုပ်သမားနှင့် ပတ်သက်သည့် အခြေအနေများအကြောင်း ပြုစုထားသည့် ရှိနှင့်ပြီး စာတမ်းများမှ လှစ်ဟပ်မှုများ ရှာဖွေပြီးနောက် ထိုင်းနိုင်ငံတွင်းရှိ ရွှေ့ပြောင်းလုပ်သားများ၏ စုဖွဲ့မှု အခြေအနေ နှင့် ဆက်စပ် တည်ဆောက်ခြင်းများ စတင် ပြုလုပ်ခဲ့သည်။ ထို့အပြင်၊ MMN အတွင်းရေးမှူး ရုံးအဖွဲ့မှလည်း ၎င်းတို့၏ အဖွဲ့ဝင် အဖွဲ့အစည်းများမှ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်း လုပ်သား အစုအဖွဲ့များအား သိကျွမ်းမှုကိုလည်း စစ်တမ်းပြုလုပ်ခဲ့သည်။ အဆိုပါ စစ်တမ်းဖြေဆိုမှု (၁၅) ခုမှ စတင်ကာ ဆင့်ကဲ နမူနာ ကောက်ယူနည်းကို အသုံးပြုကာ ရွှေ့ပြောင်း လုပ်သားများ စုဖွဲ့ထားသည့် အစုအဖွဲ့များကို ရှာဖွေခြင်းများ ပြုလုပ်ခဲ့ပါသည်။ သုတေသနအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များနှင့် အတူ MMN အတွင်းရေးမှူးရုံးအဖွဲ့မှ အပေါ်ယံ သတ်မှတ်ထားသည့် မေးခွန်းများဖြင့် ထိုင်းဘာသာ၊ မြန်မာဘာသာ နှင့် အင်္ဂလိပ် ဘာသာများဖြင့် ရွှေ့ပြောင်း လုပ်သားအဖွဲ့ (၁၄) ဖွဲ့နှင့် ရွှေ့ပြောင်း လုပ်သားအဖွဲ့များကို အကူအညီပေးနေသည့် အဖွဲ့ (၄) ဖွဲ့တို့အား လူတွေ့ မေးမြန်းကာ အချက်အလက် ကောက်ယူမှုများကို ပြုလုပ်ခဲ့ကြပါသည်။

## တွေ့ရှိချက်များ

ထိုင်းနိုင်ငံ တစ်ဝှမ်းတွင် အဖွဲ့ဝင်များကို အခြေခံသည့် အသင်းအဖွဲ့များအပြင် ရွှေ့ပြောင်း လုပ်သားများ စုပေါင်း တည်ထောင်ကာ လုပ်ရှားမှုများ ပြုလုပ်နေကြသည့် အစုအဖွဲ့ မြောက်များစွာ ရှိနေသည်ကို တွေ့ရသည်။ ထိုင်းနိုင်ငံ၏ နယ်စပ် ဒေသမှစ၍ အလယ်ပိုင်းနှင့် တောင်ပိုင်း ဒေသများအထိ ရွှေ့ပြောင်းလုပ်သားများ ကိုယ်တိုင် စုဖွဲ့ထားသည့် အဖွဲ့များစွာ ရှိနေပြီး များသောအားဖြင့် ရိုးရာ ဓလေ့နှင့် ဘာသာရေး၊ ရွှေ့ပြောင်း လုပ်သားများ၏ လူမှုဖူလုံရေးနှင့် အလုပ်သမားအခွင့်အရေးများနှင့် ပတ်သက်ပြီး ရည်ရွယ် စုဖွဲ့ထားခြင်းဖြစ်သည်။ တွေ့ဆုံ မေးမြန်းမှု တစ်ခုမှ ရရှိလာသည့် အချက်အလက်အား စိစစ် တွေ့ရှိချက်အရ၊ စိုက်ပျိုးရေး၊ ပင်လယ် ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာ ထုပ်လုပ်မှု လုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်း လုပ်သားများသည် မရေရာသည့် လုပ်ငန်းနှင့် စားဝတ်နေရာ အခြေအနေများကြောင့် စုဖွဲ့မှုများတွင် ပါဝင်နိုင်ရန် အဟန့်အတားများ ရှိနေပြီး သမဂ္ဂဖွဲ့စည်းရန် ဥပဒေအရ တားမြစ်ထားမှုများ ရှိနေသည့်အတွက် ၎င်းတို့အနေဖြင့် အစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ အသင်းဝင်ခြင်းများ မရှိကြပေ။ ယခု လေ့လာမှုအရ၊ မရေရာသည့် အခြေအနေများမှ အတူတကွ စုဖွဲ့မှုများ ပြုလုပ်နိုင်ရန် စိန်ခေါ်မှုများဖြစ်ပေါ်စေသောကြောင့် ၎င်းတို့ ရွှေ့ပြောင်း လုပ်သားများအနေဖြင့် မြေပြင်အဆင့် စုဖွဲ့မှုများ ပြုလုပ်နိုင်ခြင်း မရှိကြပေ။

စိုက်ပျိုးရေး၊ ပင်လယ် ငါးဖမ်း လုပ်ငန်းနှင့် ပင်လယ်စာ ထုတ်လုပ်ရေး လုပ်ငန်းတွေ လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းလုပ်သားများအနေဖြင့် အဟန့်အတားများကို အထူးတလေ ခံစားနေရကြောင်း MMN မှ ယခုလေ့လာမှုတွင် တွေ့ရှိရပါသည်။ ပထမအနေဖြင့်၊ ဝေးလံပြီး ဖုန်းနှင့် အင်တာနက် ချိတ်ဆက်မှု အားနည်းသည့် ဒေသများတွင် နေထိုင်းရခြင်းသည် စိုက်ပျိုးရေး လုပ်ကိုင်ကြသည့် ရွှေ့ပြောင်း လုပ်သားများအား အစုအဖွဲ့များ ဖွဲ့စည်းရန်နှင့် အစုအဖွဲ့များတွင် အသင်းဝင်ရန် အဟန့်အတား ဖြစ်စေသည်။ ဒုတိယအနေဖြင့်၊ အလုပ်လုပ်ချိန် အလွန်အကျွံ များပြားခြင်းနှင့် ကမ်းကပ်ချိန် နည်းပါးခြင်းသည် ပင်လယ် ငါးဖမ်း လုပ်သားများအား အစုအဖွဲ့များ ဖွဲ့စည်းနိုင်ရန် အဟန့်အတား ဖြစ်စေပါသည်။ တတိယအနေဖြင့်၊ အခြား လုပ်ငန်းကဏ္ဍတွင် လုပ်ငန်း လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်း လုပ်သားများ ကြုံတွေ့ရလေ့ ရှိသည့် လုပ်ငန်းရှင်များမှ အမြက်ထွက်ကာ တန်ပြန် ကလေ့စားချေခြင်းအား စိုးရိမ်ရမှုသည်လည်း ပင်လယ်ငါးဖမ်း လုပ်ငန်းနှင့် ပင်လယ်စာ ထုတ်လုပ်ရေး လုပ်ငန်းတွင် လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းလုပ်သားများအား စုဖွဲ့မှု ပြုလုပ်နိုင်ရန် အဟန့်အတား ဖြစ်စေပါသည်။ နောက်ဆုံးအနေဖြင့်၊ စိုက်ပျိုးရေး လုပ်ငန်းများ၊ ငါးဖမ်း ဆိပ်ခံ တံတား၊ အိမ်တွင်းနှင့် အသေးစား ပင်လယ်စာ ထုတ်လုပ်ရေး လုပ်ငန်းရုံများတွင် လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းလုပ်သားများသည် များသောအားဖြင့် အထောက်အထား မရှိကြသူများ ဖြစ်ကြသည့်အတွက် ၎င်းတို့၏ သွားလာရေးနှင့် အစုအဖွဲ့များ၏ လှုပ်ရှားမှုများတွင် ပါဝင်နိုင်ရန် အဟန့်အတား ဖြစ်စေပါသည်။ အဆိုပါ အဟန့်အတားများသည် စိုက်ပျိုးရေးနှင့် ပင်လယ် ငါဖမ်း လုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းလုပ်သားများ ကြုံတွေ့ရသည့် အခက်အခဲများအဖြစ် MMN မှ လေ့လာတွေ့ရှိရပြီး အခြား လုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်း လုပ်သားများ ပါဝင်သော အစုအဖွဲ့များ သည်လည်း စိန်ခေါ်မှုများစွာ ကြုံတွေ့ နေရသည်ကို တွေ့ရှိရပါသည်။ အဆိုပါ စိန်ခေါ်မှုများမှာ ဒေသ အာဏာပိုင်များ၊ ထိုင်းလူမျိုးများနှင့် အလုပ်ရှင်များ၏ တားဆီး ပိတ်ပင်ခြင်း အပြင် အစုအဖွဲ့များ၏ လှုပ်ရှားမှုများကို နှောင့်နှေးစေသည့် အချက်များဖြစ်သော ငွေကြေးနှင့် လိုအပ်သည့် ပစ္စည်းများ အလုံအလောက် မရှိမှုများ ပါဝင်သည်။ ယုခု တွေ့ရှိမှုများအား ကြည့်ခြင်းအားဖြင့် ရွှေ့ပြောင်း လုပ်သားများမှ ၎င်းတို့ ချမှတ်ထားသည့် ရည်ရွယ်ချက်များ အောင်မြင် ပြီးမြောက်ရန် လုပ်ဆောင်ရာတွင် ၎င်းတို့၏ လုပ်ငန်းခွင်နှင့် နေထိုင်မှု အခြေအနေ၊ အလုပ်ရှင် အလုပ်သမား ဆက်ဆံရေး၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်း ဥပဒေများနှင့် ထိုင်း လူမျိုးများမှ ၎င်းတို့အား ရှုမြင်ပုံ စသည်တို့က ဘောင်ခတ် ထိန်းကွပ်ထားသည်ကို တွေ့ရပြီး ၎င်းတို့အားလုံးသည် မညီမျှသည့် လုပ်ပိုင်ခွင့်အာဏာ ရှိနေကြောင်း ထင်ဟပ်စေပါသည်။

ရွှေ့ပြောင်း လုပ်သားများ၏ အစုအဖွဲ့များမှ ဖော်ပြပါ အတားအဆီး အခက်အခဲများကို ကျော်ဖြတ်နိုင်ရန် ကျင့်သုံးသည့် နည်းလမ်းများကိုလည်း ယခု လေ့လာမှုတွေ တွေ့ရပါသည်။ ဥပမာ၊ အချို့အစုအဖွဲ့များမှ ဒေသ အာဏာပိုင်များအပြင် လုပ်ငန်းရှင်များနှင့် ဆွေးနွေးကာ ၎င်းတို့၏ လုပ်ဆောင်ချက်များကို နားလည်မှုရရန် ဆောင်ရွက်ကြသည်။ ထို့အပြင်၊ အချို့အစုအဖွဲ့များက အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို ကျောထောက် နောက်ခံယူကာ ထိုင်း အာဏာပိုင်များနှင့် တွေ့ဆုံပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များကို ဥပဒေအရ တရားဝင်မှု ရှိစေရန် လုပ်ဆောင်ကြသည်။ နောက်ဆုံးအနေဖြင့်၊ အလုပ်သမား အခွင့်အရေးနှင့် ပတ်သက်သည့်

အစီအစဉ်များကို ပိတ်ပင်ခြင်းမရှိစေရန် အချို့အစုအဖွဲ့များက ဘာသာရေးနှင့် ရိုးရာဓလေ့နှင့်ပတ်သက်သည့် အစီအစဉ်များတွင် အလုပ်သမား အခွင့်အရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပို့ချပေးခြင်းများ ပြုလုပ်လေ့ရှိသည်။ ရွှေ့ပြောင်း လုပ်သားများမှ အစုအဖွဲ့ ဖွဲ့စည်းပြီး အစုအဖွဲ့များတွင် အသင်းဝင်ဖြစ်ခြင်းကြောင့် အကျိုးအမြတ်များစွာ ရရှိကြသည်ကိုလည်း တွေ့ရပါသည်။ အကျိုးအမြတ်များအဖြစ် ကျန်းမာရေး စောင့်ရှောက်မှုနှင့် နာရေးအကူအညီရရှိမှုကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အကျိုးအမြတ်များ၊ အချင်းချင်း ထောက်ပံ့မှု စနစ်များမှ ရရှိသည့် စိတ်ပိုင်းဆိုင်ရာ အကျိုးအမြတ်များအပြင် ထိုင်းဘာသာစကား လေ့လာရေးကဲ့သို့သော ပညာရေး အစီအစဉ်များမှလည်း အသိပညာ ဗဟုသုတများ ရရှိကြပါသည်။ ထို့အပြင်၊ အချို့ အစုအဖွဲ့များ၏ စုဖွဲ့မှု အင်အားဖြင့် ပြုလုပ်သော လုပ်ဆောင်ချက်များမှ ရွှေ့ပြောင်း လုပ်သားများ၏ အခွင့်အရေး တောင်းဆိုမှုများနှင့် အလုပ်သမားအခွင့်အရေးနှင့် ပတ်သက်သည် အသိပညာများ တိုးပွားကာ ထိုင်းနိုင်ရှိ ရွှေ့ပြောင်း လုပ်သားများ၏ စွမ်းဆောင်ရည် မြင့်တင်မှုများ ရရှိကြပါသည်။

## အကြံပြုချက်များ

ရွှေ့ပြောင်း လုပ်သားများ၏ စုဖွဲ့ခြင်း ပိုမိုအားကောင်းစေရန် ရည်ရွယ်သည့် အကြံပြုချက် အသေးစိတ်အား အစီရင်စာ အပြည့်အစုံ၏ နောက်ဆုံး အခန်းတွင် ထည့်သွင်း ဖော်ပြထားပါသည်။ ယခု အကြံပြုချက်များသည် ထိုင်းနိုင်ငံ အစိုးရ၊ ရွှေ့ပြောင်း လုပ်သားများအား ကူညီပံ့ပိုးနေသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ စီးပွားရေး ကဏ္ဍနှင့် နိုင်ငံတကာ အလှူရှင်များအတွက် ရည်ရွယ်ပါသည်။

ထိုင်းနိုင်ငံ အစိုးရ အတွက် အကြံပြုချက်များ- (၁) ရွှေ့ပြောင်း အလုပ်သမားများမှ သမဂ္ဂဖွဲ့ခွင့်နှင့် ဦးဆောင်ခွင့် ရရှိစေရန် လုပ်သား ဆိုင်ရာ အက်ဥပဒေ ဘီအီး ၂၅၁၈ (၁၉၇၅) အား ပြင်ဆင် ပြဌာန်းပေးရန်၊ (၂) အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့၏ လွတ်လပ်စွာ စည်းရုံးခွင့်နှင့် လွတ်လပ်စွာ စုဖွဲ့ပိုင်ခွင့်ကို အကာအကွယ်ပေးသည့် သဘောတူညီချက် ၁၉၄၆ (နံပါတ် ၈၇) နှင့် လွတ်လပ်စွာ စုဖွဲ့ပိုင်ခွင့်နှင့် စုဖွဲ့အင်အားဖြင့် ညှိနှိုင်းခွင့်ဆိုင်ရာ သဘောတူညီချက် ၁၉၄၉ (နံပါတ် ၉၈) တို့အား လက်ခံ အတည်ပြုပေးရန်၊ (၃) ရွှေ့ပြောင်း လုပ်သားများ၏ အလုပ်ရှင်များအား ၎င်းတို့၏ တာဝန်နှင့် လုပ်သမားများ၏ အခွင့်အရေးနှင့် ပတ်သက်ပြီး ပညာပေးမှုများ လုပ်ဆောင်ရန်၊ (၄) ရွှေ့ပြောင်း လုပ်သားများမှ အစုအဖွဲ့များတွင် ပါဝင်ခြင်းကြောင့် နှောက်ယှက်ခံရခြင်း မရှိစေရန်အတွက် ကြပ်မတ်ပေးရန်။ (၅) ရွှေ့ပြောင်း လုပ်သားများ အထောက်အထားအပြည့်အစုံ အလွယ်တကူရရှိနိုင်ရေးအတွက် အထောက်အထား ပြုလုပ်ခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်အား ပိုမို ရှင်းလင်းပြီး လွယ်ကူစေရန် ပြင်ဆင်ဆောင်ရွက်ပေးရန်။ (၆) စုဝေးပွဲ အစီအစဉ်များ ပြုလုပ်ရန် ခွင့်တောင်းခြင်း လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာမှု ရှိစေရန်။ (၇) ဒေသအာဏာပိုင်များမှ ရွှေ့ပြောင်း လုပ်သားများ၏ ရိုးရာ ဓလေ့နှင့် ပတ်သက်သည့် အစီအစဉ်များကို အများပြည်သူရှေ့ ကြိုဆို

ထောက်ခံမှုပြုပြီး ရွှေ့ပြောင်း လုပ်သားများအား ထိုင်းနိုင်ငံတွင်း နေထိုင် အလုပ်လုပ်ရန် ကြိုဆိုကြောင်း အများပြည်သူ သိရှိအောင် ဆောင်ရွက်ရန်။

ရွှေ့ပြောင်း လုပ်သားများအား ကူညီပံ့ပိုးနေသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ အတွက် အကြံပြုချက်များ- (၁) ရွှေ့ပြောင်း လုပ်သားများအား အလုပ်သမား အခွင့်အရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအပြင် စုဖွဲ့အင်အား၏ အရေးကြီးပုံအား ပို့ချမှုများ ပြုလုပ်ရန်။ (၂) ရွှေ့ပြောင်းလုပ်သားများ စုဖွဲ့မှုပြုလုပ်ခြင်းနှင့် ၎င်းတို့ လိုအပ်သည်များကို အကူအညီပေးရန်။ (၃) ရွှေ့ပြောင်း လုပ်သားများ၏ မြေပြင် စုဖွဲ့မှုများတွက် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြင့်တင်ခြင်းများ ပြုလုပ်ပေးရန်။ (၄) စုဝေးပွဲ အစီအစဉ်များကို ရွှေ့ပြောင်း လုပ်သားများ၏ အလုပ်ချိန်နှင့်ကိုက်ညီသည့် အချိန်များတွင် ကျင်းပ ပြုလုပ်ပေးရန်။ (၅) ဒေသခံ ထိုင်းလူထုနှင့် ရွှေ့ပြောင်း လုပ်သားထုအကြား နှစ်ဦးနှစ်ဖက် နားလည်မှုများ ပိုမို တိုးပွားစေရန် ဦးတည် ဆောင်ရွက်ရန်။ (၆) အလုပ်သမားများ၏ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်အကြောင်း ပိုမိုနာလည်း သဘောပေါက်စေရန်နှင့် လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်မှ ရရှိသည့် နှစ်ဦး နှစ်ဖက် အတွက် ကောင်းကျိုးများကို သိရှိစေရန် စီးပွားရေးကဏ္ဍနှင့် ပူးပေါင်း လုပ်ဆောင်ရန်။

စီးပွားရေး ကဏ္ဍ အတွက် အကြံပြုချက်- ကုန်စည် ထုတ်လုပ်မှုအဆင့်ဆင့်တွင် ပါဝင်သည့် အလုပ်သမားများ အားလုံးသည် လွတ်လပ်စွာ စည်းရုံးခွင့်ရှိကြောင်း၊ အလုပ်သမားများ စုဖွဲ့ကာ ၎င်းတို့ ကြုံတွေ့နေရသည့် အခက်အခဲများကို စုဖွဲ့အင်အားဖြင့် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းမှု ဆောင်ရွက်နိုင်သည့် လမ်းကြောင်း ရှိခြင်းသည် နှစ်ဖက်ယုံကြည်မှု တည်ဆောက်မှုဖြစ်ပြီး၊ ထုတ်လုပ်မှု အင်အား တိုးပွားလာနိုင်ကြောင်း ပိုမိုနားလည် စေရန်။

နိုင်ငံတကာ အလှူရှင်များအတွက် အကြံပြုချက်- အလုပ်သမားများ စုဖွဲ့ခြင်းသည် အလုပ်သမား သမဂ္ဂ တစ်ခုတည်းကို ဆိုလိုခြင်း မဟုတ်ကြောင်း အသိအမှတ်ပြုပြီး တရားဝင်မဟုတ်သည့် အလုပ်သမား အစုအဖွဲ့ များအား တိုးချဲ့ထောက်ပံ့မှုများ ပြုလုပ်ရန်။